# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် မြို့ဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၅၆)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၁၂-၅-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



နေပြည်တော် မေ ၁၁

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီ ပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာ သက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင်ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်းက ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိ ညောင်ပင်တော်အားကဆုန်ညောင်ရေသွန်းလောင်း ပူဇော်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် မေ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ မေ ၁၂ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## အများအကျိုးဆောင်ရွက်လိုသောစိတ်ဓာတ် တည်ရှိကိန်းအောင်းကြရန် လိုအပ်မည်

လောကကြီး၏အလှကို တစ်ဦးကောင်း၊ တစ်ယောက်အားဖြင့် မစွမ်းဆောင်နိုင်ပါ။ လူသားအားလုံး "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"စကားအတိုင်း တစ်ဦးအကျိုးကို တစ်ဦးက အကျိုးပြုပေးခြင်းဖြင့် တင့်တယ်ခံ့ညားနေမည်ဖြစ်သည်။ သဘာဝတောတောင်ရေမြေတို့၏ အလှတို့ကို အစဉ်အဆက်သာယာလှပစေရန် လူသားတို့က ပြုပြင်ထိန်းသိမ်းမှုဖြင့် တည်တံ့စေရာဖြစ်သည်။ ထို့ကြောင့် ဩကာသလောကကြီးတွင် တစ်ဦးကိုတစ်ဦး ရှိသေ၊ လေးစား၊ မေတ္တာပွားခြင်းဖြင့် အပြန်အလှန် ဆက်ဆံသွားကြရမည်ဖြစ်သည်။ လောကကြီးတွင် တစ်ဦးတစ်ယောက်တည်း ရပ်တည်၍မရနိုင်ပေ။ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟများ လိုအပ်မည်ဖြစ်သည်။ ထို့ပြင် မိတ်ဆွေအပေါင်းအသင်းများကြားတွင် သူ့အကျိုးကို တတ်နိုင်သမျှဆောင်ခြင်းဖြင့် မိမိအကျိုးကိုလည်း အောင်မြင်ပြီးမြောက်စေမည်လည်းဖြစ်သည်။ ကိုယ့်အကျိုး၊ သူ့အကျိုးကို မျှတအောင် ဆောင်ရွက်နေနိုင်သမျှကာလပတ်လုံး နှစ်ဦး၊ နှစ်ဖက် ကြည်ဖြူချမ်းမြေ့မှုကို ရရှိစေမည်ဖြစ်သည်။

လောကကြီးတွင် လူတစ်ဦးတည်းသာ နေထိုင်အသက်ရှင်ရန် ဖွဲ့စည်းထားခြင်းမဟုတ်ပါ။ သက်ရှိ၊ သက်မဲ့များစွာ နေထိုင်ရန်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူသားများအနေဖြင့် အချင်းချင်းရင်းနှီးချစ်ခင်စွာဖြင့် ပေါင်းသင်းဆက်ဆံကြရသည်။ ၎င်းတို့သည် မိသားစုအနေဖြင့် အသီးသီးဖွဲ့စည်းနေထိုင်ကြ၍ ထိုမိသားစုတစ်စုစီမှစ၍ မိသားစုပေါင်းများစွာ ပေါင်းသင်းဆက်ဆံကြရပြီး တစ်ဦးနှင့်တစ်ဦး ကူညီကြခြင်းဖြင့် တစ်နိုင်ငံလုံးအကျိုးပွားစေရန် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထို့ပြင်မိဘနှင့်သားသမီး ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့်အလုပ်သမား စသည့်လူတန်းစားအဆင့်တိုင်းတွင် တစ်ဦး၏အကျိုးကို တစ်ဦးက သိတတ်စွာဖြင့် ဖြည့်ဆည်းပေးခြင်းဖြင့် မင်္ဂလာရှိသောပတ်ဝန်းကျင်ကို ဖန်တီးပြီးဖြစ်ပေသည်။ သားသမီးအကျိုးကို မိဘတိုင်းက ဖြည့်ဆည်းပေးလျက်ရှိသည်။ တပည့်တို့၏အကျိုးကိုလည်း ဆရာများက ဖြည့်ဆည်းပေးလျက်ရှိသည်။ အလုပ်သမားများ၏အကျိုးကိုလည်း အလုပ်ရှင်များက ဖြည့်ဆည်းပေးခြင်းဖြင့် လောကကြီးငြိမ်းချမ်းသာယာလျက်ရှိသည်။ ထိုအခါ မိဘနှင့် သားသမီးကြား၊ ဆရာနှင့် တပည့်ကြား၊ အလုပ်ရှင်နှင့်အလုပ်သမားကြား လူတန်းစားခွဲခြားမှု မြူမှုန်းများကင်းဝေး၍ လောကနိဗ္ဗာန်ကို ခံစားစံစားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လောကနိဗ္ဗာန်ခံစားလိုသူတိုင်းသည် ကိုယ့်အကျိုး၊ သူ့အကျိုးမျှတအောင် ဆောင်ရွက်တတ်ရန် အရေးကြီးလှပါသည်။ လောကကြီးကို သာယာလှပစေလိုသူတိုင်းသည် တစ်ဦးနှင့်တစ်ဦးအပေးအယူမျှတမှသာ အဆင်ပြေနိုင်ပြီး ဘဝအမောတွေ ကင်းဝေးနိုင်မည်ဖြစ်သည်။ အများအကျိုးဆောင်ရွက်လိုသောစိတ်ဓာတ် တည်ရှိကိန်းအောင်းကြရန်လည်းလိုအပ်မည်ဖြစ်သည်။ အတ္တဟိတနှင့် ပရဟိတ နှစ်မျိုးတွင် ပရဟိတဟုခေါ်ဆိုသော အများအကျိုးကို ဦးစားပေးဆောင်ရွက်ပေးခြင်းဖြင့် ကိုယ့်အကျိုးကိုပါ အောင်မြင်စေနိုင်ပါသည်။ ထို့ကြောင့် အများအကျိုးကို သယ်ပိုးလိုစိတ် မွေးမြူသင့်လှပါသည်။

သို့ဖြစ်ရာလောကပတ်ဝန်းကျင်တွင် အများနှင့်နေထိုင်ရသဖြင့် အများနှင့်လိုက်လျောညီထွေရှိအောင် နေထိုင်တတ်ရပါမည်။ အများအကျိုးဆောင်ရွက်လိုသောစိတ်ဓာတ် တည်ရှိကိန်းအောင်ကြရန် လိုအပ်မည်။ ကိုယ့်အကျိုး၊ သူ့အကျိုးမျှတအောင် ဆောင်ရွက်တတ်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အောင်ပင်လယ် နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပ

**မန္တလေး မေ ၁၁**

အောင်ပင်လယ်နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်(၁၁-၅-၂၀၂၅) တနင်္ဂနွေနေ့ နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရားတည်ရှိရာ ပေါ်တော်မူကျောင်းတိုက်တွင် ကျင်းပပြုလုပ်သည်။



နံနက် ၈ နာရီတွင် ဘုရားဒါယကာကြီးဦးမြင့်သိန်း ဦးဆောင်သော အောင်ပင်လယ်ရပ်ကွက်လုံးဆိုင်ရာ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ရပ်မိ၊ ရပ်ဖများ၊ အသင်းသူ၊ အသင်းသားများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက အိုးစည်ဗုံမောင်းများတီးမှုတ်၊ သီဆိုဖျော်ဖြေမှုများဖြင့် ရောက်ရှိလာကြသည်။

တူညီဝတ်စုံဝတ် အသင်းသူ၊ အသင်းသားများ၊ လူငယ်များ၊ လုံမငယ်များ၊ ဗုဒ္ဓဘာသာဝင်သူတော်စင် မိဘပြည်သူများသည် သာသနာ့အလံများ တလူလူလွင့်လျက် သပြေပန်းများ၊ ရေချမ်းအိုးများ ထမ်းရွက်ကိုင်ဆောင်လျက် မဟာဗောဓိပင်ကို ညောင်ရေသွန်းလောင်းခဲ့ကြသည်။

စေတနာရှင်၊ အလှူရှင်၊ အလှူ့အမများကလည်း အအေးအချိုရည်ဘူးများ၊ မန်ကျည်းဖျော်ရည်များ၊ ရေခဲမုန့်များ၊ ဘီစကစ်မုန့်များဖြင့် ရဟန်းသာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ဧည့်ပရိသတ်များကို ဝေငှလှူဒါန်းကြသည်။

ကြွရောက်လာသော ဧည့်ပရိသတ်များအားလည်း နံနက် ၈ နာရီမှ ၁၂ နာရီအထိ အယုတ်၊ အလတ်၊ အမြတ် မရွေး ထမင်းဟင်းလျာများကို စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့သည်။

အဆိုပါ ညောင်ရေသွန်းပွဲတော်အတွက် ရာသက်ပန်အလှူရှင် ပစ္စည်းလေးပါး ဒါယကာ+ဒါယိကာမများဖြစ်ကြသော ဘုရားဒါယကာကြီး ဦးကျော်လင်း+ဘုရားဒါယိကာမကြီး သုမေ့သိင်္ဂီ ဒေါ်ဖြူဖြူ မိသားစုက မတည်လှူဒါန်းခဲ့ကြပြီး ကျောင်းအကျိုးတော်ဆောင် ဘုရားအမကြီး ဒေါ်ခင်သီတာထွန်း(တိုင်းအသင်းစု)က အလှူငွေကျပ် ၅ သိန်း၊ ကိုဇင်ဖြိုးဦး + မယုယုငြိမ်း မိသားစုက ကြက်ဥအလုံး ၅၀၀၊ ဦးအေးကျော်အောင်+ဒေါ်မေသုခင် မိသားစုက ကြက်ဥ အလုံး ၅၀၀ အပါအဝင် အများကောင်းမှုဖြင့် စုပေါင်းလှူဒါန်းကြသည်။ **(အပေါ်ပုံ)**

နံနက် ၉ နာရီခွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် နဂါးကိုးကောင်ဆရာတော်မဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒထံမှ သီလတရားများ နာယူကြည်ညိုကာ ရေစက်ချ လှူဒါန်းခဲ့ပြီး ဥက္ကဋ္ဌ ဦးကျော်ငွေ + ဒေါ်ကြူကြူမြင်း(လနတ်သားကျောက်မျက်ကုမ္ပဏီ)နှင့် အကျိုးတော်ဆောင်အဖွဲ့များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ကဆ)**

## ကဆုန်လပြည့်နေ့ ဘုရားစေတီများတွင် ညောင်ရေသွန်းလောင်း ကုသိုလ်ပြု အပန်းဖြေသူများနှင့် စည်ကားလျက်ရှိ



**မန္တလေး မေ ၁၁**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့၏ အထင် ကရ သမိုင်းဝင်ဗောဓိကုန်း ညောင်ရေသွန်းပွဲတော် အပါအဝင် ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုအပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။

ကဆုန်လပြည့်နေ့ ရုံးများပိတ်ရက်ဖြစ်တာကြောင့် ဘုရားစေတီများ၌ ကုသိုလ်ပြုသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ကြိတ်ကြိတ်တိုးစည်ကားနေသလို ရတနာပုံဥယျာဉ်အတွင်း၌လည်း အပန်းဖြေသူများ၊ ကလေးများ အပျော်စက်ဘီးစီးကြသူများ၊ မိသားစုလိုက် အပန်းဖြေလာကြသူများ၊ ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များဖြင့် အပန်းဖြေ အနားလာယူသူများဖြင့် ပိုမိုများပြားစည်ကားလျက်ရှိသည်။ ထို့ပြင် စေတီပုထိုးများတွင် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့ သမိုင်းဝင် ကုသိုလ်တော်ဘုရားဝင်းနှင့် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်တို့မှာ ကဆုန်လပြည့်နေ့ နေ့ထူးနေ့မြတ်ဖြစ်တာကြောင့် ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မဟာလောကရန်နှိမ်အောင်တော်မူမြတ်စွာဘုရားတွင် ဘုရားဖူးလာသူများအား စတုဒိသာ အအေးနှင့် ကြာဆံဟင်းများ ကုသိုလ်ပြုလှူဒါန်းခဲ့သည်။ အလားတူ ရပ်ကွက်တိုင်းရှိ မွှာရုံများ၊ လမ်းဆုံလမ်းခွများတွင် ညနေပိုင်း၌ စတုဒိသာ အကျွေးမွေးများဖြင့် စည်ကားလျက်ရှိသည်။

(ဝဲပုံ)

ကဆုန်လပြည့်နေ့ ရုံးပိတ်ရက်ဖြစ်တာကြောင့် ဘုရားစေတီများနှင့် အများပြည်သူ အပန်းဖြေရာနေရာများတွင် စည်ကားလျက်ရှိရာ အထူးသဖြင့် တောင်သမန်အင်း ဦးပိန်တံတားနှင့် မယ်ဇယ်တန်းတို့တွင် ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီး ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။

❂ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

### ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဥ္စနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများသည် သတ်မှတ်ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

### ညောင်ရေသွန်းလောင်းပူဇော်

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြား၍ ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

### "ဗုဒ္ဓနေ့"ဟု သတ်မှတ်

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား **"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်"** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **"ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထားကာ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်း ရေးမှူးနှင့် ဇနီး၊ ကောင်စီဝင် များနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည် တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ အခမ်းအနားတက်ရောက်လာကြသည့် အကြီးအကဲများနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုစဉ်။

စာမျက်နှာ ၄ မှ

တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**မြသပိတ်ဆွမ်းတော် ကပ်လှူပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

**ပရိတ်တရားတော် နာယူကြည်ညို**

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးအားလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးအား လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့် ဇနီးများက ဆရာတော်ကြီးများအားလည်းကောင်း လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှအနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

**နေ့ဆွမ်း ဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**ပွင့်ဖြူ မေ ၁၁**

မကွေးတိုင်းဒေသကြီး ၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ် ဖွင့်လှစ်သည့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို မေ ၁၀ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာစမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ် လဝကဦးစီးမှူး ဦးကျော်သူရတို့က အဖွင့်အမှာစကားများ ပြောကြားသည်။ ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင် က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချသင်ကြားပေးမည့် အိမ်တွင်းမှ အခြေခံစက်ချုပ်နည်းပညာဆိုင်ရာ သင်ခန်းစာများကို ဂရုတစိုက် လေ့လာသင်ယူကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများကို အိမ်တွင်းမှုလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး အမျိုးသားဝတ်တီရှပ်လက်တို၊ လက်ရှည် ချုပ်နည်းများ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ၊ ရင်စိအင်္ကျီချုပ်နည်းနှင့် ဘောင်းဘီတို၊ ဘောင်းဘီ ရှည်ချုပ်နည်းများကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးကြသည်။

အဆိုပါသင်တန်းကို ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာအုပ်စုရှိ အိမ်တွင်းမှု စက်ချုပ်နည်းပညာရပ် စိတ်ဝင်စားသည့် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကို မေ ၁၀ ရက်မှ ဇွန် ၂၃ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(အောက်ပုံ)(၄၄၅)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များက သီတဂူဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

# ၁၃၈၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပ

နေပြည်တော် မေ ၁၁

၁၃၈၇ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာ အခမ်းအနားကို ယနေ့ညပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာ ပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံ တော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟု ဇနဟိတဓရ သီတဂူ ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီအတွင်း ရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာန များမှ ဝတ်အသင်းအဖွဲ့များနှင့် တရားနာဧည့်ပရိသတ် များ နာယူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူ ဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန် လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာ ဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဓမ္မပူဇာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူ ပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သီတဂူ ဆရာတော်ကြီးအား မော်ကွန်းတင် ဂုဏ်ပြုပူဇော်လွှာ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ သတင်းစဉ်



သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် ယာယီအဆောက်အအုံများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနပိုင် မြေနေရာ၌ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် ယာယီ အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ယာယီ အဆောက်အအုံတွင် အသုံးပြုရန် စက်ရေတွင်း တူးဖော်နေမှု နှင့် နှစ်ခန်းတွဲ လူနေအဆောက်အအုံ အလုံး ၃၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေး၊ လျှပ်စစ်မီး အသုံးပြုနိုင်ရေး၊ ဝန်ထမ်းများ စနစ်တကျနေထိုင်နိုင် ရေးအတွက် လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက် ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် သက်ဆိုင်ရာက အပြာရောင်အဆင့် သတ်မှတ်ထားသော ဝန်ထမ်းအိမ်ရာများဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၅၃၄၄၊ ၅၃၄၅၊ ၅၃၄၆၊ ၅၃၃၇၊ ၅၃၃၈ တိုက်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် လိုအပ်သည့် ပြင်ဆင်မွမ်းမံ ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းနှီးစွာ တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ဝိုင်းဝန်း စုပေါင်းဆောင်ရွက်ရန် မှာကြားသည်။ သတင်းစဉ်

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြ၍ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းများဆောင်ရွက်

နေပြည်တော် မေ ၁၁

ယနေ့ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်တွင် နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှု ပြုခြင်း၊ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင် တို့အား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ စေတနာရှင် ကုသိုလ်ရှင်များက သံဃာတော်များအား ဆွမ်းဆန် စိမ်းလောင်းလှူပွဲများ ကျင်းပခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းကြခြင်း စသည့် ကုသိုလ်ကောင်းမှု များ ပြုလုပ်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်သို့လည်း နံနက်ပိုင်းကစတင်၍ အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ၊ ပြည်သူများ လာရောက်၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူ ပူဇော်ဖူးမြော်ကြည်ညိုကြပြီး(ယာပုံ) ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော် ကိုလည်း ညောင်ရေသွန်းလောင်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ် များကိုလည်း ရေသပ္ပာယ်ပူဇော်ကြသည်။(အောက်ပုံ)



ထို့နောက် ဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋိတိုက်တော်များ၊ ကျောက်စာရုံစေတီတော် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားစသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများကို လှေ့လာ ဖူးမြော်ကြည်ညိုကြပြီး တရားဘာဝနာ ပွားများ အားထုတ်ခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော် ခြင်းများ ဆောင်ရွက်ကြကာ တရားဓမ္မသံတို့ဖြင့် ထုံမွမ်းလျက်ရှိသည်ကိုလည်း တွေ့မြင်ကြားသိရ သည်။



ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်း၍ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပပြီး ညပိုင်းတွင်လည်း ဘုရားဖူးလာ ပြည်သူ များက ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာ အခမ်းအနားတွင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဟောကြားချီးမြှင့်တော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာ တော်ကို ရိုသေလေးမြတ်စွာ နာယူကြည်ညိုကြ သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တန်ခိုးကြီးဘုရားစေတီတို့တွင်လည်း ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့ များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဘုရားဖူးလာပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူ ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်း လောင်းပူဇော်ခြင်းတို့ကို ကုသိုလ်စိတ်အား ထက်သန်စွာဖြင့် ဆောင်ရွက်ကြပြီး အလှူရှင်များက ရေ၊ အစားအစာနှင့် အချိုရည်များကို စတုဒိသာ အလှူအဖြစ် လှူဒါန်းကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ များရှိ ဘုရားစေတီများနှင့် မဟာဗောဓိပင်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေချမ်း ကပ်လှူပူဇော်ကြခြင်း၊ ဝတ်ရွတ်ပူဇော်ကြခြင်း၊ ကဆုန်ညောင်ရေသွန်း လောင်း ပူဇော်ကြခြင်းနှင့် စတုဒိသာကျွေးမွေးခြင်း တို့ကိုလည်း ကုသိုလ်သဒ္ဓါတရားထက်သန်စွာ ဆောင်ရွက်ကြသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြ သည့် ပြည်သူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီ စောင့်ရှောက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များနှင့် ပူးပေါင်းအဖွဲ့များကလည်း ဘုရားဖူးပြည်သူ များ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေး ဆောင်ရွက်ပေးသည်။

သတင်း-မျိုးဆက်သစ်၊ဓာတ်ပုံ-ဖိုးပြည့်စုံ

# ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မေ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပ သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်း ဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓ ဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန် တော်ကြီး၌ ကျင်းပသည်။(ယာပုံ)



အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတမဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ စာတမ်းရှင်ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

### အဖွင့်ဩဝါဒကထာမိန့်ကြား

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး သဘာပတိ ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တကုမာရ နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရတို့က အဖွင့်ဩဝါဒကထာ မိန့်ကြား ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တ ထေရိန္ဒာဘိဝံသက **“ဗျာဒိတ်ရကြောင်း ရှစ်ပါးနှင့် ဗျာဒိတ်ခံဘဝတို့ တိုက်ဆိုင်လေ့လာခြင်း”** စာတမ်း ကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မှ သုတ္တန္တ ပိဋကမဟာဌာန နည်းပြဆရာတော် ဘဒ္ဒန္တစန္ဒိမာက **“ အနာဂတဝင်ကို ပိဋကတ်စာပေနှင့် နှိုင်းယှဉ်လေ့လာခြင်း”** စာတမ်း ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာများ သင်ကြားရေးနှင့် ဘာသာပြန်မဟာဌာန ဌာန ကြီးမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တပါရမီက “ဗုဒ္ဓ မြတ်စွာပွင့်တော်မူခြင်းနှင့် ကမ္ဘဝါဒကို လေ့လာခြင်း” စာတမ်းကိုလည်းကောင်း၊ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်(စစ်ကိုင်း) မှ ပါမောက္ခ ဆရာ တော် ဒေါက်တာ ဘဒ္ဒန္တဣန္ဒက က “ မဟာပရိနိဗ္ဗာန သုတ်ကို အခြေခံ၍ မြတ်ဗုဒ္ဓ၏ နောက်ဆုံး ဆယ်လ အတွင်း ထူးခြားဖြစ်စဉ်များ လေ့လာသုံးသပ်ခြင်း” စာတမ်းတို့ကိုဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအလိုက် သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြား ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင် ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော် ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိအပြည်ပြည်ဆိုင်ရာ ထေရ ဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာ တော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက စာတမ်းများနှင့် စပ်လျဉ်း၍ နိဂုံးချုပ် ဩဝါဒကထာ မိန့်ကြားချီးမြှင့် တော်မူပြီး အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက် သည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Grade-12 ပြန်လည်ဖြေဆိုမည့် စခန်းသွင်းလေ့ကျင့်သင်ကြားနေသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ နေထိုင်စားသောက်ရေးနှင့် အခက်အခဲမရှိ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အမှာစကားပြောကြားကာ တာဝန်ရှိသူအသီးသီးမှ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ပတ္တမြားစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ပတ္တမြားစေတီနှင့် သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား ခုံးအမှတ် (၄/၅)တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူကာ တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) ပြည့် အားကစားခန်းမ၌ စစ်ကိုင်းမြို့ရှိ ရပ်ကွက်(၆) ရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၄၇၃၇၅၀၀၀၀ သိန်းနှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် နှစ်(၇၀၀)ပြည့် အားကစားကွင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ပြည်သူများအား ကြည့်ရှုအားပေးပြီး တန်ဖိုးသင့်လူနေအိမ်နမူနာပုံစံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ ယာယီရှင်းလင်းဆောင် တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် (၄/၅) တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ တံတား၏ ဘယ်/ညာ ကားလမ်းရှိ ဖြတ်တောက်ထားရှိသော ကျောက်ပြားများ၊ လက်ရန်းသံပေါင်ဖြတ်စများကို ကမ်းပါးပေါ်သို့ ဝန်ချီစက်ဖြင့် သယ်ယူရွှေ့ပြောင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ချီစက်တင်သင်္ဘောများ လုပ်ငန်းနေရာရွှေ့ပြောင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် သံလျက်မှော် အနောက်ရပ်ကွက် အကွက်အမှတ် (၄၀၂)ရှိ ရွှေဘိုကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အဆိုပါကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းတွင် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၈၉ စုအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူသည်။

ဆက်လက်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ပန်းစုံကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ယင်းနောက် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၇၅ စုစာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများအား အချိန်အခါမဟုတ် မိုးများရွာသွန်းနေခြင်းကြောင့် ဖျားနာရောဂါများ၊ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ အမှိုက်များကို စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ ယာယီနေထိုင်သူများအား စနစ်တကျ မှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## အလှူငွေများ ပေးအပ်လှူဒါန်း

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျ ဆုတောင်းပြည့် မြတ်စွာဘုရားသို့ သွားရောက်၍ ဌာပနာပစ္စည်းများကို သမိုင်းဝင်အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့်ရပ်ပွားတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်းသို့ သွင်းလှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ သို့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးတောင်တော်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆုတောင်းပြည့်ဘုရား ဂန္ဓကုဋိတိုက်ပြုပြင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကူမဲမြို့ရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် မေ ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့ကြသော ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ တံတားဦးလေဆိပ်၌ သွားရောက်ကြိုဆို နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများတွင် စခန်းပေါင်းစုံစွမ်းရည်ပြိုင်ပွဲများပြုလုပ်၊ အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၁၁

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ရေဝတီ ရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံ တွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို ရေဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄)ရေတပ်ဗောတံတား တို့၌ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုး လက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်း လက်တွေ့ပြိုင်ပွဲနှင့် ပဲ့စင်တပ်ဖွဲ့တာဝန် ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများ ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများ စခန်းဝင်ရန် နေပြည်တော်သို့ ထွက်ခွာစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသားများ စွမ်းရည်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။

အလားတူ အခြေခံလေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦး အား ဧပြီ ၂၂ ရက်မှစတင်၍ သင်ကြားပို့ချလျက်ရှိရာ နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲ ကျင်းပပြုလုပ်ရန်အတွက် နေပြည်တော် ကောင်စီနယ်မြေသို့ တပ်မတော် လေယာဉ်များ၊ တပ်မတော် မော်တော်ယာဉ်များဖြင့် စုံလင်စွာ ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၈ မှ

ထို့နောက် မန္တလေးမြို့ မန္တလေးတောင်တော်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရား ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ စန္ဒာမုနိဘုရား ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှု၊ ဓာတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့နယ် မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက် အုတ်စက်ရုံတွင် ကျောက်မီးသွေးမှုန့်တို့ဖြင့် ရောစပ်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော အဆင့်မြင့်အုတ်များ ထုတ်လုပ်နေမှု၊ စက်ရုံလည်ပတ်နေမှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး စက်ရုံအတွင်းရှိ ကျောက်မီးသွေးမှုန့်ကုန်ကြမ်းများမှတစ်ဆင့် အရည်အသွေးမြင့်အုတ်များ ထွက်ရှိလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိသော အုတ်များကို ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးမကျဆင်းစေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုရှိ သုခိစံကုမ္ပဏီ ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေးများ စုပုံထားရှိမှုအခြေအနေများနှင့် ဘိလပ်မြေစက်ရုံများသို့ ကျောက်မီးသွေးကုန်ကြမ်းများ ပေးသွင်းနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေစက်ရုံများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ကျောက်မီးသွေးကုန်ကြမ်းများအား စက်ရုံများသို့ ပေးသွင်းရာတွင် အရည်အသွေးပြည့်မီစွာ ပေးသွင်းနိုင်ရေး၊ ဘိလပ်မြေစက်ရုံများ လည်ပတ်ရန်အတွက် လိုအပ်ချက်များ အတိုင်း အလျဉ်မီစွာ ပေးသွင်းနိုင်အောင် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်နှင့် မီးဘေးလုံခြုံမှု စနစ်တကျရှိစေရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကူမဲမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ပြည်သူများ၏ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် အမှန်တကယ်လိုအပ်လျက်ရှိသော ငလျင်ဘေးဒဏ်သင့် ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျ တိုက်ရိုက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ငလျင်ဒဏ်အင်အား ရစ်(ခ်)တာစကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်သားမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုရှိ Mandalay Rising Star ကုမ္ပဏီလီမိတက် MRS အုတ်စက်ရုံသို့ သွားရောက်၍ အုတ်များ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှ ထွက်ရှိသောအုတ်များအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဇလုတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း

နေပြည်တော် မေ ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သဖြင့် လက်နက်ကြီး၊ လက်နက်ငယ် အမြောက်အမြား သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ဘာသာရေးကျောင်း၊ ဘုန်းတော်ကြီးကျောင်းများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် အရပ်သားပြည်သူများ တိုက်ပွဲရှောင်နေရကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့် လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ မေ ၆ ရက် ရက်စွဲဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ထားသည့် ကာလအတွင်း KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက် နံနက် ၅ နာရီခန့်မှစ၍ ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်း ၁ ရင်းအား သာလွန်အင်အားဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ မေ ၁၀ ရက်အထိ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများ အနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာခြင်း၊ မိမိအရာရှိ / စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိမှု များလာခြင်းတို့ကြောင့် တပ်ရင်းဌာနချုပ်အတွင်းမှ ခေတ္တဆုတ်ခွာပေးခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ တပ်ရင်းဌာနချုပ်အတွင်း စုပြုံဝင်ရောက်ချိန်၌ တန်ပြန် လေကြောင်းပစ်ကူ၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများဖြင့် နည်းဗျူဟာမြောက်ပစ်ခတ်ခြင်းအား စစ်မြေပြင်ကွပ်ကဲရေးမှူးများမှ အချိန်ကိုက် စတင်ဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် နေရာသို့ တပ်မတော်စစ်ကူစစ်ကြောင်းများ မူလစီစဉ်ထားရှိသည့် စစ်ကူ/ပစ်ကူ စီမံချက်အတိုင်း ထပ်မံဖြည့်တင်း၍ တန်ပြန်တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မေ ၁၀ ရက် ညနေပိုင်းတွင် နယ်မြေခံတပ်၏ အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများ ခေတ္တဝင်ရောက် နေရာယူထားသည့် နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက မေ ၁၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့သည်။ ဖြစ်စဉ်နေရာ အနီးဝန်းကျင်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွင်း၌ သောင်းကျန်းသူများ အခြေပြုနေထိုင်နိုင်ခြင်းမရှိစေရေး တပ်မတော်စစ်ကြောင်းများက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် မိမိတပ်မတော်မှ အရာရှိ/ စစ်သည်အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှလည်း အလောင်းခြောက်လောင်း၊ လက်နက်ငယ်မျိုးစုံ ၁၀ လက် ၊ ကျည်အိမ်များ၊ ခဲယမ်းနှင့် ဗုံးသီးများ သိမ်းဆည်းရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်နေသည့် စစ်သည်၊ ရဲမေများသည် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေးတရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်း အမှားများအပေါ် တိုင်းရင်းသားပြည်သူများ သတိပြုနိုင်ပါရန်နှင့် ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း လက်နက်ကိုင်အဖွဲ့များ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို အနေဖြင့် နှောင့်ယှက် တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက တပ်မတော်သည် အရေးယူတုံ့ပြန်မှုများကို ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းတန်းစီကွင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဗဟိုကင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဌာနချုပ်ရုံး၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။









အကြမ်းဖက်သမားများထံမှ အလောင်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့အနှံ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများ၊ စတုဒိသာကုသိုလ်ပြုသူများဖြင့် စည်ကားများပြား

**မန္တလေး မေ ၁၁**

ကဆုန်လပြည့် (ဗုဒ္ဓနေ့) သည် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရား စေတီ ပုထိုးများတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကျင်းပခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်း၊ ဓမ္မစကြာဝတ်အသင်းများမှ ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကုသိုလ်ပြုခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ဘဝရှင်မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အဖွဲ့ တက်ရောက်ကြပြီး ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲလာ ကျောင်းသား၊ ကျောင်းသူများ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များအား နှုတ်ဆက်ကာ ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်များတွင် ဘုရားဖူးပြည်သူများနှင့်အတူ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခဲ့ကြကြောင်းနှင့် ညနေပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ သီပေါမင်းတရားကြီး တည်ထားကိုးကွယ်သည့် မဟာလောကရန်နိမ်အောင်တော်မူမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားပရိဝုဏ်ရှိ ဗောဓိညောင်ပင်တွင် ဘုရားဖူးများနှင့်အတူ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o-o















# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၆ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနား မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပ

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးဆောင်၍ အလှူရှင်များက သာသနာနှစ် ၂၅၆၈ နှစ် ပြည့်ပြီး ၂၅၆၉ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မန္တလေးမြို့ လေးပြင် လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၆ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ၊ နဝကမ္မဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀၈ ပါး ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။






ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ အနုမောဒနာ ရေစက်သွန်းချတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဘုရားအမှူးပြုပြီး ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူကြသည်။

ယနေ့အခမ်းအနား၌ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်များကိုယ်စား ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ ဆရာတော်၊ သံဃာတော် ၁၀၇၂၆ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ (စုစုပေါင်း ငွေကျပ် ၂၇၇၅ သိန်းကျော်) လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










သတင်း-စာမျက်နှာ ၁၂

















သတင်း-စာမျက်နှာ ၁၂














သတင်း-စာမျက်နှာ ၁၁





## နွေရာသီအင်္ဂလိပ်စကားပြောသင်တန်း အခမဲ့ ဖွင့်လှစ်သင်ကြား



**ပခုက္ကူ မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊အမှတ်(၁)ရပ်ကွက်ရှိ For Life ဘုန်းတော်ကြီးကျောင်း၌ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းကို မတ် ၁၀ရက်မှစတင်ပြီး အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် Grade-2 မှ Grade-7 အထိ ကျောင်းသား၊ ကျောင်းသူများနှင့် အင်္ဂလိပ်စာတတ်မြောက်လိုသည့်ပြည်သူများတက်ရောက်ကြပြီး Listening Skill, Speaking skill, Writing skill, Reading Skillစသည်ဖြင့် အတန်း (၄)တန်းခွဲ၍ သင်ကြားပေးလျက် ရှိကြောင်း၊ ယခုနှစ်တွင် အတန်းခွဲ တစ်တန်းလျှင် ကျောင်းသား၊ ကျောင်းသူ ၇၀ ဦးစီနှင့် အင်္ဂလိပ်စာတတ်မြောက်လိုသူ(လူကြီးတန်း)တွင် ၈၀ဦးခန့်ဖြင့် လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ မေ ၁၇ ရက် တွင် အင်္ဂလိပ်စကားပြောပြိုင်ပွဲနှင့် မေ ၁၈ရက်တွင် ဆုချီးမြှင့်ပွဲနှင့် သင်တန်းဆင်းပွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ လူကြီးတန်းကို တစ်နှစ်ပတ်လုံးဆက်လက် သင်ကြားသွားမည်ဖြစ်ကြောင်း၊ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းကို ၂၀၁၀ ခုနှစ်ပြည့်စတင်သင်ကြားပေးခဲ့ရာ နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်သူ ၉၀ဦးခန့်နှင့် အခြေခံပညာဦးစီးဌာနနှင့် တက္ကသိုလ်ကျောင်းများတွင် ဝင်ရောက်လုပ်ကိုင်သူ ၂၀ဦးခန့်ရှိပြီး လက်ရှိအချိန်ထိ သင်တန်းဆင်းဦးရေ ၃၀၀၀၀ ကျော်အထိ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ For Life အမည်ဖြင့် အင်္ဂလိပ်စကားပြောသင်တန်းကျောင်းကို ရေစကြို၊ မုံရွာ၊ မကွေး၊ ညောင်ဦးမြို့တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပခုက္ကူမြို့ For Life ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးခေမာစာရထံမှ သိရသည်။

(အပေါ်ပုံ)
(၃၄၀)

## လင်းရောင်ခြည်လမ်း လမ်းဘေးတစ်လျှောက် ရေမြောင်းဆယ်ယူခြင်းဆောင်ရွက်



**မူဆယ် မေ ၁၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၈နာရီတွင် မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်ရှိ လင်းရောင်ခြည်လမ်း လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရေစီးရေလာကောင်းမွန်စေရေး၊ မိုးရာသီတွင် ရေလျှံမှုမရှိစေရေး၊ ရေမြောင်းများမှ အနံ့ဆိုးများနှင့် အညစ်အကြေးများမရှိစေရန်အတွက် ရေမြောင်းထဲမှ အမှိုက်များဆယ်ယူခြင်း၊ နုန်းမြေများဆယ်ယူခြင်း၊ ရေမြောင်းများအတွင်းရှိ ရွှံ့အညစ်အကြေးများကို မီးသတ်ကားဖြင့် ဆေးကြောခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့စည်ပင်သာယာရေးဌာနမှ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန၊ သန့်ရှင်းရေးဌာနစိတ်၊ ဈေးနှင့်သားသတ်ဌာနစိတ်၊ ပျိုးဥယျာဉ်ဌာနစိတ်တို့မှ ဝန်ထမ်းအင်အား ၆၀ဦးဖြင့် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၀)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## အရိပ်ကို ပေးပါ

* ရတနာသုံးပါး အရိပ်
အရိပ်အားလုံးထဲက
အသာဆုံး အမြတ်ဆုံးအရိပ်
ကိလေသာအပူ
မြူတောင် ကင်းတဲ့အရိပ် ။
* မိဘအရိပ်
အသွားသာရှိ
အပြန်ကိုမျှော်
ပေးဆပ်မှုသာရှိချင်တဲ့ အရိပ်စစ် ။
* ဆရာရိပ်
အိုးနိပ်ခတ်သူလို
ဓားသွေးကျောက်ဟူပို
နာသုံးနာနဲ့ ပေးဆပ်တဲ့အရိပ် ။
* သစ်ရိပ်ဝါးရိပ်
အေးချမ်းတဲ့ နားနေမှုကို
ပေးတဲ့အရိပ် ။
* အကြီးအကဲ စွမ်းနိုင်သူ
မိဘမူ စံရာထား
အပါးက ဆရာသမားတွေ
လူကြီးလူလတ်တွေ
ကလေးလူငယ်သို့လေ
ပတ်ဝန်းကျင် အားလုံးမသွေ
အရိပ်ကို ပေးကြ ပေးကြပါလေ ။ ။

ဝေယံမိုးခိုင်(မန်း)




## မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာအသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း မေ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ မေ ၉ရက်နံနက်ပိုင်းက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းကလူတို့သည် မွေးဖွားလာချိန်မှစ၍ သဘာဝဘေးအန္တရာယ်များနှင့် အဖျက်အဆီးရန်သူအမျိုးမျိုးကို ရင်ဆိုင်အန်တုရင်းရှင်သန်ကြရကြောင်း၊ ထိုသို့သော ဘေးဆိုးများအနက် အဆိုးဝါးဆုံးသောအန္တရာယ်တစ်ခုမှာ မာယာတစ်သိန်းဖြင့် လူသားများအား အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသည် လူသားတို့၏ဘဝကို ပျက်စေသည့်အပြင် ဆိုးကျိုးများစွာကိုလည်းဖြစ်စေကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာသူ၊ ကမ္ဘာသားများအား အပြင်းအထန်ခြိမ်းခြောက်နေကြောင်း ဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က လူငယ်တို့သည် တိုင်းပြည်၏ အနာဂတ်ဖန်တီးရှင်များဖြစ်ကြောင်း၊ စွမ်းအားကြီးမားလှသောလူငယ်တို့သည် မူးယစ်နွံတွင် ကျွံမိကြပါက တိုင်းပြည်သည်လည်း လကွယ်သန်းခေါင်ညမှောင်တွင်းရောက်သည်နှင့်ပင်တူကြောင်း၊ လူငယ်တို့၏စွမ်းအားကို ချေမှုန်းဖျက်ဆီးသော မူးယစ်အန္တရာယ်သည် ကြောက်ဖွယ်ကောင်းလှကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မိမိအတွက်သာမက တိုင်းပြည်အတွက်လည်း ဆိုးကျိုးများသာဖြစ်စေခြင်းကြောင့် မူးယစ်ဆေးကို လူသားမျိုးနွယ်များ၏ ရန်စွယ်အဖြစ်သတ်မှတ်၍ အသိနှင့်နှိုင်းယှဉ်သတိနှင့် ဆင်ခြင်ကာ ရှောင်ရှားသင့်ကြောင်း ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

**ရာစီ(ပြန်/ဆက်)**



# ရုရှားနိုင်ငံ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာ့တပ်မတော်အနေဖြင့် ပထမဦးဆုံးအကြိမ် စစ်ရေးပြဂုဏ်ပြုချီတက်ခဲ့သည်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအားဖြေကြားချက်

ဒီရုရှားနိုင်ငံရဲ့ နှစ်(၈၀)ပြည့် မျိုးချစ်စစ်ပွဲကြီးက ရုရှားနိုင်ငံမှာပဲ ကျင်းပတာပေါ့။ အမှန်ကတော့ ဒီမျိုးချစ်စစ်ပွဲကြီးဆိုတာ ရုရှားနိုင်ငံတစ်နိုင်ငံတည်း အတွက် သက်ဆိုင်တာမဟုတ်ပါဘူး။ အရင်တုန်းက ကမ္ဘာမှာ ဖက်ဆစ်စနစ်၊ နာဇီစနစ်ဆိုတဲ့ အစွန်းရောက်မှုတွေရှိခဲ့တယ်။ ဒီဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စပဲ။ ဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စဆိုတာက ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်းပဲ၊ ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးတွေ ကျွန်တော်တို့ ခံစားခဲ့ရပါတယ်။ မြန်မာပြည်သူတစ်ရပ်လုံးလည်း နှိပ်စက်ခံခဲ့ရပါတယ်။ ဒီလိုပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နိုင်ငံတွေမှာလည်း ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးတွေ ခံခဲ့ရတယ်။ ဥပမာ-ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးကိုသိချင်ရင် မြန်မာနိုင်ငံမှာဆို ငဘာဆိုတဲ့ဝတ္ထုစာအုပ်ရှိတယ်။ ဖတ်ကြည့်ပါ။ ဒါဖြစ်ရပ်မှန်တွေကို ရေးသားထားတာ၊ ဖြစ်ရပ်မှန်တွေနဲ့ သမိုင်းကြောင်းကြီးကို အခြေခံပြီးရေးသားထားတာပါ။ ဒီလိုပဲ ကျွန်တော်တို့ အိမ်နီးနားချင်း တရုတ်နိုင်ငံမှာဆိုလည်း နမ့်နင်းလူသတ်မှုတို့ ရှိခဲ့တယ်။ ဒီလိုပဲ အရှေ့ဥရောပထဲပါတဲ့ ရုရှားဟာဆိုလည်း အရှေ့ဥရောပမှာ ဒီနာဇီစနစ်ကို အဓိကထားပြီးတော့ တိုက်ခိုက်ခဲ့တဲ့နိုင်ငံပေါ့။ သူ့ရဲ့ လူဦးရေ ၂၆ သန်းလောက် အသက်ပေးသွားရတာ ရှိတယ်။ ၂၆ သန်းဆိုတဲ့ လူဦးရေဟာ ခုခေတ်လူဦးရေနဲ့ ချိန်ဆကြည့်မယ်ဆိုရင်တောင် အတော်များတဲ့ လူဦးရေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့က အောင်ပွဲလုပ်ကြတာဖြစ်တယ်။ ဒါက ယခင်က အတိတ်သမိုင်းကြောင်း ဖြစ်ပါတယ်။ အခုခေတ် သမိုင်းကြောင်းကိုကြည့်မယ်ဆိုလျှင် ကျွန်တော်တို့ ခဏခဏပြောနေတဲ့ ခေတ်သစ်ကိုလိုနီဝါဒရှိမယ်။ ခေတ်သစ်မှာ စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေ ရှိတယ်။ ခေတ်သစ်မှာ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေအပေါ်မှာ လွှမ်းမိုးလိုတဲ့ဆန္ဒတွေ အမြဲရှိပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့က ပူးပေါင်းပြီးတော့ တိုက်ဖျက်သွားရမယ်။ ပူးပေါင်းပြီးတော့ ဆန့်ကျင်သွားရမှာဖြစ်တယ်လို့ ပြောချင်တယ်။

ဒီနေရာမှာ မြန်မာ့တပ်မတော်အနေနဲ့လည်း ဒီနှစ် (၈၀)ပြည့်အခမ်းအနားမှာ ဒါ ကျွန်တော်တို့ ပထမဦးဆုံးအကြိမ်အနေနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ စစ်ရေးပြလျှောက်ခဲ့တယ်။ ဂုဏ်ပြုချီတက်ခဲ့တယ်။ ဒီအတွက်လည်း မြန်မာ့တပ်မတော်အနေနဲ့က နိုင်ငံတကာတပ်မတော်တွေနဲ့အညီ နံပါတ်တစ် နိုင်ငံတကာတပ်မတော်တွေနဲ့အညီ မြန်မာ့တပ်မတော်သည် ဒါရင်ပေါင်တန်းနိုင်တဲ့ တပ်မတော်တစ်ရပ်ဖြစ်တယ်။ နံပါတ်နှစ် မြန်မာ့တပ်မတော်သည် နိုင်ငံတကာတပ်မတော်တွေနဲ့ အတူ အဆင့်မီဆောင်ရွက်နိုင်တဲ့ တပ်မတော်ရှိတယ်ဆိုတာ ထင်ထင်ရှားရှား ပြသတာဖြစ်ပါတယ်။



ကျွန်တော်တို့နိုင်ငံမှာ ယခင်ကတည်းက ပြောခဲ့တယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတဲ့စကားကို ပြောခဲ့တယ်။ ဒါကို တချို့သော တပ်မတော်မှေးမှိန်အောင် လုပ်ချင်တဲ့သူတွေက ဆန့်ကျင်ဘက်စကားတွေ ပြောကြတာပေါ့ဗျာ။ သို့သော် ခုခေတ်မှာကြည့်လိုက်ပါ။ မိမိရဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ မိမိတိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေရှိရေးပေါ့နော်။ ဒီအတွက် ကာကွယ်ရေးအင်အားတောင့်တင်းဖို့လိုတယ်။ တပ်မတော်အင်အားတောင့်တင်းဖို့လိုတယ်။ မိမိရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ဆိုရင် ရှိသေခန့်ညားလောက်တဲ့ ကာကွယ်ရေးအင်အားစုရှိဖို့လိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ တစ်နိုင်ငံလုံး တစ်နိုင်ငံသားလုံးကသိရှိဖို့ သဘောပေါက်ဖို့၊ ဂုဏ်ယူဖို့လိုတယ်။ ဒါတွေကို ကျွန်တော်တို့ ဖော်ဆောင်ဖို့လိုတယ်။ ဖော်ဆောင်နိုင်အောင်လည်း အခွင့်အရေးရခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

တရုတ်နိုင်ငံသမ္မတကြီးနဲ့ တွေ့ဆုံတဲ့အခါမှာပေါ့။ မြန်မာနိုင်ငံအတွက် အချက်သုံးချက်ပဲ ပြောလိုတယ်။ နံပါတ်တစ်အချက်ကတော့ မြန်မာ့ရဲ့အချုပ်အခြာအာဏာ၊ ဖွံ့ဖြိုးတိုးတက်မှု ဒါတွေကို တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံလျက်ရှိတယ်။ နံပါတ်နှစ်အနေနဲ့က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးပေါ့။ တရုတ်သည် သူများ၏ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိတယ်။

ဒါ့အပြင် ကျွန်တော်တို့နှစ်နိုင်ငံလုံးက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လက်ခံကျင့်သုံးလျက်ရှိတယ်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သူ့ရဲ့အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တယ်။ သူ့ရဲ့အနောက်ဘက် ထွက်ပေါက်တစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ကောင်းတဲ့ဘက်က ရှုမြင်ပြီးတော့၊ ကောင်းတဲ့ဘက်က မျှော်မှန်းပြီး မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးကိုဆောင်ရွက်ပေးလျက်ရှိတယ်။ ဒါတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမယ်ဆိုတာမျိုးရခဲ့တယ်။ နံပါတ်သုံးအချက်ကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲပေါ့။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့ပြီးသား။ ဒီနှစ် နှစ်ကုန်ပိုင်းမှာ ကျင်းပပေးမှာဖြစ်တယ်။ တရုတ်နိုင်ငံအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သွားမယ့်ဟာတွေနဲ့ ပတ်သက်ပြီးတော့ ထောက်ခံအားပေးတာကို တွေ့ရတယ်။ ကျွန်တော့်အနေနဲ့သတင်းကောင်းပါးလိုတာကတော့ မြန်မာပြည်သူလူထု ယခင်ကတည်းက လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်ရဲ့ဖော်ဆောင်မှုနဲ့ ကျွန်တော်တို့ရရှိခဲ့တယ်။ မဲလိမ် မဲခိုးမှုတွေကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့တယ်။ ခုချိန်မှာတော့ မြန်မာပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

အဓိကပထမဦးဆုံးအပိုင်းပြောချင်တာကတော့ နိုင်ငံရေးပါတီတွေရဲ့အပိုင်းပေါ့။ နိုင်ငံရေးပါတီတွေရဲ့ အပိုင်းမှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ရမှာရှိတယ်။ ပြီးရင် ပြည်သူလူထုကိုအသိပေး ပညာပေးရမှာရှိတယ်။ ဒါတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ကျွန်တော့်အနေနဲ့ နံပါတ်တစ်ပြောလိုတယ်။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့ ပြည်သူလူထုရဲ့ အပိုင်းပါ။ ပြည်သူလူထုရဲ့အပိုင်းမှာ ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အလိုရှိတယ်လို့ ပြောပြီးပြီ။ ပါတီစုံဒီမိုကရေစီစနစ်ကိုအလိုရှိရင် ငြိမ်းချမ်းစွာ တရားမျှတရေး ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အခြေခံလိုအပ်ချက်ဖြစ်တယ်။ ဒီရွေးကောက်ပွဲကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြမ်းဖက်ဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြပါလို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဒီရုရှားနဲ့ မြန်မာရဲ့ ဆက်ဆံရေးက ကြာပါပြီ၊ ခိုင်မြဲတဲ့ဆက်ဆံရေးဖြစ်တယ်။ ပထမဦးဆုံးဆက်ဆံရေးကတော့ တပ်မတော်အချင်းချင်း ဆက်ဆံရေးကနေ စခဲ့တာပေါ့။ ယခင် တပ်မတော် အစိုးရလက်ထက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကတည်းကနေ စခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဒီရုရှားနဲ့ မြန်မာရဲ့ ဆက်ဆံရေးဟာ တပ်မတော်နယ်ပယ်တင်မကဘဲနဲ့ ကဏ္ဍပေါင်းစုံမှာပါ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တယ်။ ဆက်လက်ပြီးလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ဒီရုရှားကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာတွေရောက်တဲ့အခါမှာပေါ့နော်။ ဒီအစိုးရတွေ ကျွန်တော်တို့ အစိုးရအချင်းချင်းတို့၊ တပ်မတော်အချင်းချင်းတော့ ကျွန်တော် မပြောသေးဘူး။ ပြည်သူအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးပေါ့။ ရုရှားပြည်သူတွေရဲ့ မြန်မာပြည်သူလူထုအပေါ်မှာအမြင်၊ မြန်မာပြည်သူတွေရဲ့ ရုရှားပြည်သူလူထုအပေါ်မှာအမြင်ဟာ တိုးတက်ခိုင်မာနေတယ်လို့မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လိုလိုလားလားရှိတယ်လို့ မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်ဂုဏ်ယူပါတယ်။ ဒီနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ နှစ်(၈၀)ပြည့် ရုရှားရဲ့ မဟာမျိုးချစ်အောင်ပွဲ၊ အဲ့ဒီမှာ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ကြတယ်။ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ကြတဲ့အခါမှာ ဒီမြန်မာနိုင်ငံ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ဒီခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တယ်။ တွေ့ဆုံခဲ့ပြီး စကားပြောခဲ့တယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေကို ပိုမိုနားလည်သဘောပေါက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ရပ်မှန်တွေနဲ့ပတ်သက်ပြီး ပြောပြနိုင်ခဲ့တယ်။ ရှင်းရှင်းပြောရရင်တော့ မြန်မာကို ကမ္ဘာက နိုင်ငံတကာက ပိုမိုနားလည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

## အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးနိုင်ရေး ဆွေးနွေးပွဲ ကျင်းပ

**ဆီဆိုင် မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ မိသားစုဝင်ငွေတိုးရေးစီမံကိန်းနှင့် ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်စေရေး ရည်ရွယ်၍ အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဒေသ ဦးစီးမှူး ဦးဝင်းကျော်မျိုးက ဌာန၏သင်တန်းဖွင့်လှစ်ပေးနေမှု လုပ်ငန်းစီမံချက်များ၊ အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးမည့် အစီအစဉ်နှင့် သင်တန်းတက်ရောက်ကြသူများအနေဖြင့် အမှန်တကယ် စိတ်ပါဝင်စားပြီး မိမိဒေသနှင့် မိသားစုအတွက် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်သည်အထိ တက်ရောက်သင်ကြားစေလိုကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသားရွေးချယ်ထားရှိမှု၊ သင်တန်း အထောက်အကူပစ္စည်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီး ဆွေးနွေးကြသည်။

အဆိုပါ အပ်ချုပ်စက်သင်တန်းကို ဆီဆိုင်မြို့နယ်အတွင်းရှိ သင်တန်းသူ ၁၂ ဦးဖြင့် ဇွန်လတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

# ကျေးဇူးတရား

လူသားတစ်ဦးတစ်ယောက်၏ အနိမ့်ဆုံးမွေးရာပါ တာဝန်မှာ ကျေးဇူးတရားကို ပြန်လည်သိတတ်ခြင်းပင် ဖြစ်သည်။ လူသားအဖြစ် ရပ်တည်ရှင်သန်နေသမျှ ကျေးဇူးတရားများစွာဖြင့် ကင်း၍မရ။

မြန်မာအဘိဓာန်တွင် 'ကျေးဇူးဟူသည် လူတစ်ဦးက အခြားလူတစ်ဦးအပေါ်တွင် ပြုသော အကျိုးဆောင်မှုကောင်းကျိုး'ဟူ၍ ဖွဲ့ဆိုရှင်းလင်းထားသည်။ 'ကျေးဇူးတင်ဟူသည် သူတစ်ပါးက ပြုသော ကျေးဇူးကို အောက်မေ့သည်။ ချီးကျူးပြောဆိုသည် 'ဟု ဖွင့်ဆိုထားသည်။

လူ့လောက၏ လူမှုရေးမျက်နှာစာတွင် 'ကျေးဇူးတင်ပါသည်'ဟူ၍ လွယ်လွယ်ကလေး ပြောဆိုပြီး မိမိနှုတ်မှ အလွယ်တကူ ပြောလိုက်သော စကားကို ထိုနေရာမှာပင် လွယ်လွယ်ကလေးနှင့် မေ့လိုက်ကြသည်။ နှလုံးသားထဲတွင် စွဲမြဲစွာ မှတ်သားထားဖို့ ခက်ခဲကြသည်။ ပြန်လည်၍ ပေးဆပ်ကြရန်ကား ပိုမိုဝေးကွာလွန်းလှသည်။ ပိုမိုခက်ခဲနေကြပြန်သည်။ အသိအမှတ်ပြုခဲကြသည်။

ကျယ်ပြန့်သော၊ နက်ရှိုင်းသော၊ နူးညံ့သော၊ သိမ်မွေ့သော 'ကျေးဇူးတရား'ကို ဘဝတစ်ခု ခန္ဓာဝန်ချသည်အထိ သယ်ဆောင်သွားဖို့ မေ့နေကြသည်။ ဘဝ၏ အချိန်ပိုင်း၊ နာရီပိုင်း၊ ကာလပိုင်းများစွာတွင် ထင်ကျန်ရစ်ခဲ့သော ကျေးဇူးတင်စရာ လုပ်ရပ်၊ဖြစ်ရပ်များက များပြားနေမည်သာ ဖြစ်သည်။

'ကျေးဇူးတင်ပါသည်'ဟူသော စကားကို မြန်မာလူမျိုးက နှုတ်ဖျားမှာ နေ့စဉ်ပြောဆိုခဲ့ကြသည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်းကလည်း မိမိတို့ဘာသာစကားအသုံးအနှုန်းဖြင့် အချင်းချင်း အပြန်အလှန် ပြောဆိုခဲ့ကြသည်။ မိမိ၏ အကျိုးစီးပွားအတွက် တစ်စုံတစ်ရာ ကူညီဆောင်ရွက်ပေးသူများကို နှုတ်မှ လွယ်လွယ်ထုတ်ဖော်၍ အသိအမှတ်ပြုစကားအဖြစ်သာ ရပ်တည်မနေသင့်ပါ။

မိဘအုပ်ထိန်းသူ ဆွေဂုဏ်မျိုးဂုဏ် အရိပ်ဝန်းကျင်တွင် မိဘအုပ်ထိန်းသူ ဆွေမျိုးတို့၏ ဂုဏ်ကျေးဇူးကို ပြန်လည်သိမြင်နိုင်ရမည်။ လူသားမှန်လျှင် ကျေးဇူးတရား အရိပ်အာဝါသတွင် နေထိုင်အသက်ရှင်ကြရသည်။ ကျေးဇူးတရား၏ ရင်ခွင်၌သာ ရှင်သန်ကြရသည်။ သူတစ်ပါးအကျိုးရှိစေရန် စေတနာအရင်းခံဖြင့် ကူညီပေးနိုင်ခြင်းကို 'ကျေးဇူး'ဟူ၍ သတ်မှတ်သည်။'ကျေးဇူး'ဟူသော စကားလုံးနှစ်လုံးသည် နက်ရှိုင်းကျယ်ပြန့်သော အနှစ်သာရများစွာဖြင့် အစဉ်သတိရသင့်သော စကားရပ်ဖြစ်သည်။

ကကြီး၊ ခခွေးမှသည် အဆင့်ဆင့်သော ပညာရေးနယ်ပယ်တွင် အတန်းလိုက် အတန်းတိုင်းကို လက်ထပ်သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများ၏ ပညာရိပ်ဝယ် ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ ကျေးဇူးတရားများစွာကို မြင်အောင် ကြည့်ရှု၍ ပြန်လည်တုံ့ပြန်နိုင်ရမည်။ တစ်နှစ်ပြီး တစ်နှစ်၊ တစ်တန်းပြီး တစ်တန်း အာစရိယပူဇော်ပွဲလေးတစ်ခုဖြင့် တစ်နှစ်တာ တာဝန်ကျေပြီလော။ တစ်ဘဝတာ ပေးဆပ်ကြမည်လော။သင်ယူခဲ့ရသော နှစ်ကာလအရှည်ကြီးတွင် ကြုံတွေ့ခဲ့ရသော ဆရာများစွာတို့အပေါ် ပန်းတစ်ပွင့်၊ ဖယောင်းတိုင်တစ်တိုင်ဖြင့် လက်အုပ်ချီ၍ ကျေးဇူးပြုခြင်းကြောင့် မြတ်ဆရာမှာ ပီတိကို အတောမသတ် ခံစားကြရသည်။

'ကျေးဇူးရှင်'သည် မိမိဘဝရပ်တည်ဖို့၊ မြင့်တင်နိုင်ဖို့ ကျားကန်ဖေးမပေးသူသာဖြစ်သည်။ မိမိဘဝကို ပဲ့ပြင်စောင့်ရှောက်သူ၊ မိမိအခက်အခဲကို ကူညီသူ၊ မိမိပြဿနာကို ကူညီဖြေရှင်းပေးသူ၊ မိမိဘက်မှ ရပ်တည်၍ ဆောင်ရွက်ပေးသူများသည် ကျေးဇူးရှင်များသာ ဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်၌ မြတ်ဗုဒ္ဓသည် အကြီးမားဆုံး၊ အမြင့်မြတ်ဆုံး ကျေးဇူးရှင်၊ အစ္စလာမ်ဘာသာဝင်များအတွက် အလ္လာအရှင်မြတ်သည် ထာဝရရှိနေသော ကျေးဇူးရှင်၊ ခရစ်ယာန်ဘာသာဝင်များအတွက် ကောင်းကင်ဘုံ၌ ထာဝရတည်နေသော ဝိညာဉ်တော် ယေရှုခရစ်တော်သည် ကျေးဇူးရှင်၊ ဟိန္ဒူဘာသာဝင်တို့အတွက် မဟာဗြဟ္မာကြီး၊ နတ်ဘုရားသိဝ၊ ဗိဿနိုး၊ နတ်ဘုရားမ စန္ဒီကာလီ၊ လက်ချ်မီး၊ သူရဿတီတို့သည် ယုံကြည်ကိုးကွယ်အားထားရာ ကျေးဇူးရှင်။ ကမ္ဘာ့ဘာသာ အယူဝါဒများစွာတွင် ကျေးဇူးရှင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ဆိုမိန့်မှာကြား လမ်းညွှန်မှုများကို တစ်သဝေမတိမ်း လိုက်နာခဲ့ကြသည်။

ကမ္ဘာ့ယုံကြည်မှုဘာသာအသီးသီးကို အသက်ချင်းဆက်၍ စောင့်ထိန်းခဲ့ကြသော ထေရဝါဒဗုဒ္ဓသာသနာထီးတော်ရိပ်အောက်မှ ၂၂၇ သွယ် သိက္ခာပုဒ်အကျယ်ချဲ့၍ ကုဋေပေါင်း ကိုးထောင့်တစ်ရာရှစ်ဆယ်ကျော်သော ဝိနည်းသိက္ခာများကို ဆက်၍ ထိန်းသိမ်းလျက်ရှိသော ဂိုဏ်းကြီးကိုးဂိုဏ်းမှ သာသနာ့အနွယ်ဝင်၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များ သာသနာ့ဝန်ဆောင်ဩဝါဒါစရိယဆရာတော်ကြီးများ၊ အစ္စလာမ်ဘာသာဝင် ရှေးဦးတမန်တော်မှသည် ယနေ့မျက်မှောက်ဗလီဝတ်ကျောင်းမှ မော်ရီဆပ်ဘုရားလူကြီးများ၊ ခရစ်ယာန်ဘာသာတွင် ပုပ်ရဟန်းမင်းအဆက်ဆက်နှင့် ဘုရားရှိခိုးကျောင်းတွင် ရှိနေကြသော ဧဝံဂလိတရားဟော ဘုန်းကြီးများ၊ ဟိန္ဒူဘာသာတွင် နတ်ဘုရားတို့မှတစ်ဆင့် ပူဇော်ပသ ဆုတောင်းပေးကြသော ဆာဒူး၊ ပုဏ္ဏား၊ ဘုန်းတော်ကြီးများ၊ ဘာသာတိုင်းက အလေးအမြတ်ပြု၍ သွန်သင်ညွှန်ပြပေးခဲ့ကြသော အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များသာ ဖြစ်ကြသည်။

သူတစ်ထူး ကျေးဇူးကို သိခဲလှသည်။ သိလည်း ဆပ်နိုင်သူက ပိုရှားလှသည်။ ကျေးဇူးရှိပါသည်ဟု ဝန်ခံထုတ်ဖော်ပြောရမည်ကိုလည်း ဝန်လေးကြသည်။ လူ့ဘဝကို ကာလတစ်ခုအတွင်း သက်တမ်းရာစုနှစ်ကာလတို့တွင် လူဟူ၍ ဖြစ်လာသည့်အချိန်မှာပင် ကျေးဇူးတင်စရာ မိဘနှစ်ပါး၊ မိသားစု၊ ညီအစ်ကိုမောင်နှမအုပ်ထိန်းသူ ဆွေမျိုးတစ်စုကို ရင်ဆိုင်ကြုံတွေ့ရသည်။

ထို့နောက် ပညာသင်ကြားချိန်တွင် မိမိပတ်ဝန်းကျင်၌ကျေးဇူးတရားသိထားထိုက်သော ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားထုတစ်စုကို ရင်ဆိုင်ကြုံတွေ့ရသည်။ လူသားဘဝပတ်ဝန်းကျင်တစ်စုကို ဖြတ်သန်းကျော်လွှားရာမှ ကျေးဇူးတရား အတုံ့အလှည့် ပြန်လည်ပေးဆပ်သင့်သော အသိအမှတ်ပြုသင့်သော ကျေးဇူးရှင်များစွာက ဝန်းရံလာသည်။

နှုတ်အားဖြင့်ဖြစ်စေ၊ ကိုယ်နှုတ်အမူအရာအားဖြင့် ဖြစ်စေ အတုံ့အလှည့်ပြုသင့်သော ကျေးဇူးရှင်များစွာက ရှင်သောမျက်စိ၊ လျှင်သောအသိဖြင့် မှတ်မှတ်ရရသိသင့်သော ပုဂ္ဂိုလ်များစွာအဖြစ် အချိန်ကာလကြာမြင့်သည့်အခါတွင် ပိုမိုများစွာ တင်ရှိလာကြသည်။

မိမိပြုခဲ့သော ကောင်းကျိုးပရဟိတအလုပ်၏ အကျိုးဆက်တရားများကို ရေတွက်မှတ်သားနေမည့်အစား မိမိက ပြန်လည်ပေးဆပ်သင့်သော ပြန်လည်အသိအမှတ်ပြု ကျေးဇူးပြုသင့်သော ပုဂ္ဂိုလ်များကို ရေတွက်၍ ပြန်လည်ပေးဆပ်သင့်သည်မှာ လူသားတို့၏ အနိမ့်ဆုံးဘဝပေးဝန်တာသာ ဖြစ်ပေသည်။

မိမိအောင်မြင်မှု၊ မိမိလူတစ်လုံး သူတစ်လုံးဖြစ်လာမှုအပေါ်၌ ပခုံးထမ်း၍ ပေးခဲ့သူ၊ လက်တွဲဖော်ဆောင်ပေးခဲ့သူ၊ ကူညီဖေးမခဲ့သူများကား များစွာတင်ရှိနေမည်သာဖြစ်သည်။ သူ့ကျေးဇူးကို အသိအမှတ်ပြုနိုင်အောင် စေ့ဆော်ပေးသော 'ကျေးဇူးတရား'များသည် ပင်ကိုယ် ဗီဇကောင်းမွန်သော မြန်မာမှုနယ်ပယ်တွင် တိတိပပ ရှိနေသည်။ မေတ္တာဓာတ်များစွာဖြင့် လွှမ်းခြုံသော မြန်မာမှုနယ်ပယ်တွင် အပြန်အလှန် ပြုကျင့်စေရန် မြန်မာ့စိတ်ထား၊ မြန်မာ့စရိုက်က ဖော်ကျူးခဲ့ကြသည်။

**'တစ်လုပ်စားဖူး သူ့ကျေးဇူး'**

**'ကျေးဇူးရှင်ကို ကျေးမစွပ်ရ'**

**'ကျေးဇူးရှိမှ ကျေးစွပ်သည်'**

**'အရိပ်နေနေ အခက်ချိုးချိုး'**

**'သားရေပေါ်အိပ် သားရေနားစား'**

**'စားခွက် သေးပန်း'**

**'ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ'**

**'ကိုယ်မွေးသည့်မျောက် ကိုယ့်ပြန်ခြောက်'**

**'မင်းလေမျောလည်း မဆယ်နဲ့၊ ခြေနစ်ချောင်းလည်း မကယ်နဲ့'**

လူသားသည် မွေးဖွားချိန်မှစ၍ သေဆုံးချိန်၊ ဘဝနေညိုညို ကာလတိုဝယ် ကျေးဇူး၏ အသီးအပွင့်ကို မှီခိုစားသုံးကြရင်းက သေဆုံးကြရသည်။ ကျေးဇူးပြုခြင်း၊ ကျေးဇူးသိခြင်းသည် ပြုသူနှင့် အပြုခံရသူ နှစ်ဦးနှစ်ဝ တုံ့လှည့်မေတ္တာမျှ ခံကြရသည်။ အပြုခံရသောသူက မိမိအခက်အခဲပြေလည်၍ ဝမ်းသာရသည်။ ပြုလုပ်သူလည်း မိမိကောင်းမြတ်စေ စိတ်စေတနာကြောင့် ကြည်နူးပီတိဖြစ်ရသည်။

ကျေးဇူးသိတတ်သူက လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးထူးကို ရရှိနိုင်သည်။ ကျေးဇူးကို သိတတ်သောသူက အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ ဘေးရန်ကင်းခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ ဂုဏ်ကျေးဇူးကို ရပေသည်။ မြန်မာ့သမိုင်းဖြစ်ရပ်တွင် ပင်းယဘုရင် ငါးစီးရှင်ကျော်စွာ ပင်လယ်မြို့စားဖြစ်စဉ်က ညီတော် စစ်ကိုင်းမြို့စား အသင်္ခယာစောယွန်းကို လုပ်ကြံရန် သူရဲကောင်းငခင်ညိုကို ခိုင်းစေခဲ့ရာ ငခင်ညိုက စစ်ကိုင်းမြို့စား နတ်တင်ထားသော ထမင်းဟင်းလျာကို ဆာလောင်လွန်း၍ ဝါးမျိုမိသောကျေးဇူးကြောင့် စစ်ကိုင်းမင်းအား လုပ်ကြံရာတွင် ဓားကို နုတ်ပြီးမှ အသက်ချမ်းသာပေးနိုင်ခဲ့သည်။

တိုက်ရိုက်ပြုသော ကျေးဇူးတရားမဟုတ်သော်လည်း ထမင်းရှင်အပေါ်ကျေးဇူးပြန်ဆပ်ရမည့် မြန်မာမှုနယ်ပယ်မှ မြန်မာ့စိတ်ထားကို သိသာစေသည်။ မြန်မာမှု၊ မြန်မာ့စိတ်ထားက အဟိတ်တိရစ္ဆာန်နှင့် မတူညီ။ သာလွန်ကောင်းမြတ်သော အသိဉာဏ်ဖြင့် 'ဆားတစ်ပွင့်၊ ရေကြည်တစ်ပေါက်၊ လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ယာ'စားမိလျှင်ပင် ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုတတ်ကြသည်။

ဗာရာဏသီမင်း၏သားတော် ဗြဟ္မဒတ်မင်းသားအား ဆရာဖြစ်သူက နှမ်းခိုးစား၍ ဝါးခြမ်းစိပ်ဖြင့် သုံးကြိမ်ရိုက် ဆုံးမမှု ကျေးဇူးတရား၊ မင်းတုန်းမင်းနှင့် ငါးခြောက်ပြားဖြစ်ရပ်တွင် စံကျောင်းဆရာတော်က မင်းတုန်းမင်းသားအား ငါးခြောက်ပြားပျောက်ဆုံးမှုအတွက် ရိုက်နှက်ဆုံးမခဲ့မှု ကျေးဇူးတရား၊ မင်းဗိမ္ဗိသာရနှင့် အဇာတသတ်ဖြစ်ရပ်တွင် အဇာတသတ်ငယ်ရွယ်စဉ်က ခူနာပေါက်စဉ် အနာပြည်မှည့်စေရန် ပါးစပ်ဖြင့် ငုံထားရာမှ အနာပေါက်ပြီး ထွက်လာသော ပြည်ကို မထွေးရက်ဘဲ မျိုချလိုက်သော ကျေးဇူးတရားတို့သည် ဘဝနှင့်ရင်း၍ ပေးခဲ့ရသောဖြစ်ရပ်များသာ ဖြစ်ကြသည်။

မြတ်ဗုဒ္ဓဟောကြားခဲ့သော (၃၈)ဖြာမင်္ဂလာတရားတော်တွင် 'ကတညုတာ၊ ကတဝေဒီ သူတစ်ပါးကျေးဇူးကို သိတတ်ရမည်။ ဖွင့်ဟပြောဆိုရမည်။တတ်နိုင်သမျှ တုံ့ပြန်ကျေးဇူးဆပ်ရမည်'ဟု ညွှန်းဆိုဟောကြားခဲ့သည်။ ဒဂုန်ဦးထွန်းမြင့်၏ (၃၈)ဖြာမင်္ဂလာကဗျာတွင် 'ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိတတ်စေ'ဟူ၍ ဖွဲ့ဆိုထားသည်။

မြတ်ဗုဒ္ဓ၏ သန္တုဿိတမယ်တော်၏ မွေးကျေးဇူးကို တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောကြားခြင်းဖြင့် အမိန့်ဖိုး ပေးဆပ်ခဲ့သည်။ မိဂသမ္မတာသောင်စပ်တွင် မြားဆိပ်သင့်ခဲ့သော သုဝဏ္ဏသာမသည် မျက်မမြင် မိဘနှစ်ပါးကို ကျေးဇူးဆပ်ခြင်းကြောင့် သေရာမှ ပြန်ရှင်လာပြီး မျက်စိအလင်း ရခဲ့သည်။

မြတ်ဗုဒ္ဓသည် ဘုရားမဖြစ်မီက မိမိအား ဆွမ်းခံလုပ်ကျွေးပြုစုပေးခဲ့သော ပဥ္စဝဂ္ဂီငါးပါးကိုလည်း တရားဦးဓမ္မစကြာဖြင့် ကျေးဇူးဆပ်နိုင်ခဲ့သည်။ ရာဇကုမာရကျောက်စာတွင် ကျန်စစ်သားမင်းကြီးအပေါ် ရာဇကုမာရ်မင်းသားက ကျေးဇူးဆပ်နိုင်ရန် ကျောက်စာကမ္ပည်းရေးထိုးခဲ့သည်။ အဟိတ်တိရစ္ဆာန် ကေဒါရကျေးမင်းသည် မိဘကို လုပ်ကျွေးသဖြင့် ကျော့ကွင်းမှ လွတ်ခဲ့သည်။ သလေးစပါးကို လိုသမျှစားခွင့်ရသည်။အဟိတ်တိရစ္ဆာန် ဟာဏဓရွှေသမင်၊ မာတုပေါသကဆင်တို့သည် မိဘကျေးဇူးကိုသိ၍ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။ နန္ဒိဝိသာလနွားသည် အရှင်၏ ကျေးဇူးကို ဆပ်ရန် ကြိုးစားခဲ့သည်။ ကြွက်သူငယ်သည် မိမိအသက်ကို ချမ်းသာပေးခဲ့သော ခြင်္သေ့မင်းကို ပိုက်ကွန်ရက်တွင် မိနေစဉ်ကယ်တင်၍ ကျေးဇူးတုံ့ပြန်ခဲ့သည်။ ရောမတိုင်း သက်ဦးဆံပိုင်ဘုရင်ခေတ်က ကျွန်ဖြစ်သူ အင်ဒရိုစလီသည် နှိပ်စက်ခံရ၍ ထွက်ပြေးရာ ခြေ့ဆူးနေသော ခြင်္သေ့အား အကူအညီပေးခဲ့သည်။ အင်ဒရိုစလီကို ကျွန်ရှင်က ပြန်ဖမ်းမိ၍ ခြင်္သေ့စာကျွေးရာတွင် ကူညီပေးခဲ့ဖူးသော ခြင်္သေ့က အင်ဒရိုစလီအား မစားဘဲ အသက်ချမ်းသာခွင့်ပြုခဲ့သည်။

ပုဂံခေတ်တွင် ယာသမား 'ကွမ်းဆော်'သည် ယာအသွားခရီးလမ်းရှိ ဇောင်ချမ်းပင်တွင် အရိပ်ခိုပြီး ထမင်းစားဦးစားဖျားကို အပင်စောင့်နတ်အား ပူဇော်ပသခဲ့၍ 'ကွမ်းဆော်မင်း'အဖြစ် ပုဂံရာဇဝင်၌ ထင်ရှားခဲ့သည်။ လူသားအဖြစ် နိုင်ငံမြေပေါ်၌ ရပ်တည်နေသမျှ အကျိုးပြုကျေးဇူးဆပ်သောအနေဖြင့် လေထုကို ရှူရှိုက်၍ အသက်ရှင်ကြရသဖြင့် နိုင်ငံလေ၏ ကျေးဇူးကို ပြန်လည်ကျေးဇူးဆပ်သောအနေဖြင့်-

**'သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏'**

(ဆရာဇော်ဂျီ)

**'ကိုယ့်မှာပြုဖူး၊ သူ့ကျေးဇူးကို၊ ထိမ်မြှုပ်မအပ်၊ တုံ့ပြန်ဆပ်၍၊ ထွက်နပ်ကောင်းပေ၊ ပစ်မချေ'**

(မန်လည်ဆရာတော်ဘုရားကြီး)

**'သူ့ထမင်းစားပြီး သူ့အတင်းမပြောနှင့်'**

(ရှမ်းတိုင်းရင်းသားစကားပုံ)

**'မိဘကျေးဇူးသည် တောင်တန်းကိုလည်း ချိုင့်ဝှမ်းဖြစ်သွားစေသည်။ ပင်လယ်ကိုလည်း မြေပြင်ဖြစ်သွားနိုင်သည်။ ဆူးချုံနွယ်ရိုင်းများကိုလည်း ပန်းခင်းလမ်း ဖြစ်စေနိုင်သည်။'**

(ရုရှားစာရေးဆရာကြီး ဂေါ်ကီ)

**'ဆရာသခင်၊ အရှင်နှစ်ပါး၊ မိဘများကို၊ မုန်းထားမာန်မျက်၍၊ စိတ်ထွက်အောင်လည်း မပြုနှင့်၊ သူ့ကျေးဇူးကို အထူးသိလေ' (လုံးတော်ဆရာတော်)**

ကျေးဇူးသိတတ်သူများက ကျေးဇူးသိတတ်ခြင်း၏ ကောင်းကျိုးချမ်းသာကို ခံစားရသကဲ့သို့ ကျေးဇူးမသိတတ်သူများသည် ကျေးဇူးကန်းခြင်း ဆိုးကျိုးကို တုံ့ပြန်ခံစားကြရသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက 'မိမိအပေါ် ပြုခဲ့ဖူးသော ကျေးဇူးကို သိတတ်သူ၊ သိပြီး ပေးဆပ်တတ်သူများသည် တောင့်တသမျှ လိုတိုင်းရနိုင်စွမ်းသည်။ ကျေးဇူးမသိ မပေးဆပ်နိုင်သူတို့ကား တောင့်တသမျှ ယိုယွင်းပျက်စီးရသည်'ဟူ၍ မိန့်ကြားခဲ့သည်။

ကျေးဇူးတရားကို သိတတ်သူရှိသကဲ့သို့ လျစ်လျူရှုတတ်သူများလည်း ရှိသည်။ ကျေးဇူးတရားကို မသိကျိုးကျွံပြုသူများလည်း ရှိသည်။ လောကတွင် စန္ဒကူးနံ့သာကို ရသော်လည်း ရနံ့ကို ခံစားနိုင်စွမ်းမရှိသူများနှင့် တူလှသည်။ နွေးထွေးကြင်နာသော လူ့ပတ်ဝန်းကျင်ကို ရယူခံစားနေရသော်လည်း နှလုံးသားကင်းမဲ့သူနှင့် မခြား။ လူသားချင်း နွေးထွေးယုယမှုမရှိ၊ ပူပြင်းသော နွေကာလ လွင်တီးခေါင်ကြီးပမာ ခြောက်သွေ့လွန်းလှသည်။

ပူပြင်းသော ကန္တာရခရီးကြမ်းဝယ် ငှက်ပေါင်းတစာစာနှင့် အကိုင်းအခက် ဝေဖြာသော သစ်ပင်ကြီးက အေးမြသော အရိပ်အာဝါသကို ပေးစွမ်းနိုင်သည်။ ဘဝခရီးသည် အရိပ်အာဝါသကောင်းရောက်လျှင် နားခိုအပန်းဖြေကြစမြဲ ဖြစ်သည်။ တစ်ခဏတာမျှ အပန်းဖြေမှုဖြင့် စိတ်၏ချမ်းသာမှုကို ရရှိကြရသည်။ စခန်းထောက်ကွန်းခိုရာအဖြစ် အရိပ်က အဟိတ်တိရစ္ဆာန်များကိုပင် ဘဝ၏ နွေးထွေးလုံခြုံမှုကို ပေးစွမ်းနိုင်သဖြင့် အရိပ်အာဝါသပေးသော သက်မဲ့သစ်ပင်ကိုပင် အသက်ရှိသော၊ အသိဉာဏ်ပြည့်ဝသော လူသားတို့က ပြန်လည်ပြုစုကျေးဇူးပြုကြရသည်။

သစ်ပင်အောက်ခိုနားပြီး အကိုင်းအခက်ကို ချိုးတတ်သူလည်း ရှိသည်။ သားရေပေါ်အိပ်သော ခွေးမိုက်က သားရေနားကို စားတတ်သည်။ ကျေးဇူးသိတတ်ခြင်း ကျေးဇူးတရားကို တစ်ဘဝထဲတွင် ဦးခေါင်းမပြောင်းဘဲ ပေးဆပ်ခြင်းကား မင်္ဂလာတစ်ပါးဖြစ်သည်။ တချို့က မိမိအပေါ်တင်ကျန်နေသော ကျေးဇူးကို တုံ့ပြန်ဖို့ ရှက်ကြသည်။ မိမိထက် နိမ့်ကျနေသော ဘဝအနေအထားမှ ပုဂ္ဂိုလ်တို့အား ကျေးဇူးပြန်လည်ပေးဆပ်ရမည်ကို ကြောက်ရွံ့နေကြသည်။ကျေးဇူးရှင်သည် မည်သို့ဘဝအနေအထားဖြစ်ပါစေ ပြန်လည်အသိအမှတ်ပြုသင့်သည်။ဂုဏ်ပြုသင့်သည်။ဖော်ကျူးသင့်သည်။ သူတစ်ပါးကျေးဇူးကို မသိကျိုးကျွံပြုပြီး မေ့ပျောက်ထိန်ချန်မှုသည် အေးချမ်းပျော်မွေ့စွာ မနေရဘဲ မီးနယ်ပူလောင်စေတတ်သည်။ ထို့ကြောင့် ရှေးတို့မိ တို့ဖများက 'သူ၏ကျေးဇူး၊ မထိမ်မြှုပ်နှင့်၊ ထိမ်မြှုပ်သောသူ၊ မီးလိုပူ'ဟူ၍ ဆိုဆုံးမခဲ့ကြသည်။

ထို့ကြောင့် ၃၈ ဖြာ မင်္ဂလာတရားတော် အလိုကျ ကတညုက ကတဝေဒီ-သူတစ်ပါးကျေးဇူးကို သိအောင် ရှာကြံ၍ မြင်အောင်ရှုမြင်ပြီး တတ်စွမ်းသမျှ တုံ့ပြန်ကျေးဇူးဆပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းလိုပါသည်။

**ကျမ်းကိုး** -(၁) မြန်မာ့စွယ်စုံကျမ်း

(၂) မြန်မာအဘိဓာန်ကျမ်း

(၃) ဆရာဇော်ဂျီ၏ ကဗျာပေါင်းချုပ်

(၄) မန်လည်ဆရာတော်ဘုရားကြီး၏ မာဃဒေဝလင်္ကာကျမ်း

(၅) ၃၈ ဖြာ မင်္ဂလာ

(၆) ငါးရာ့ငါးဆယ်ဇာတ်တော်ကြီး

မြန်ဂုဏ်ဆောင်






## နည်းပြ မာကိုဆေးလ်ဗားအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် အယ်လ်ဟီလယ်အသင်း ဆွေးနွေး

**လန်ဒန် မေ ၁၁**

ဆော်ဒီ ပရိုလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းသည် ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးလ်ဗားအား မြင့်မားသည့် လစာငွေပေးချေ၍ နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါ နည်းပြသည်လက်ရှိ အချိန်တွင် ဖူလ်ဟမ်အသင်းကို ကိုင်တွယ်ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလယ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ မာကိုဆေးလ်ဗားကိုယ်တိုင်ကလည်း အယ်လ်ဟီလယ်အသင်း၏ မက်မောဖွယ်ရာလစာငွေဖြင့် ကမ်းလှမ်းလာမှုအား လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။ **(အပေါ်ပုံ)**

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ မာကိုဆေးလ်ဗားအား အယ်လ်ဟီလယ်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## 2025 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ မေ ၁၈ရက်တွင် စတင်မည်



**ပဲရစ် မေ ၁၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internationaux deStrasbourg တင်းနစ်ပြိုင်ပွဲလာမည့် မေ ၁၈ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲကို မေ ၁၈ရက်မှ ၂၄ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Madison Keys ဖြစ်သည်။ **(အပေါ်ဝဲပုံ)** **(NGB)**

## မန်ချက်စတာယူနိုက်တက်အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ဂါနာချို ပြောကြား


**မန်ချက်စတာ မေ ၁၁**

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဂါနာချိုက မိမိအနေဖြင့် မည်သည့်အသင်းမှ ပြောင်းရွှေ့မည်မဟုတ်ဘဲ အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဂါနာချိုသည် မန်ချက်စတာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၄၀အထိ ကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ဂါနာချိုက "ကျွန်တော်အသင်းမှာ ပျော်ရွှင်လျက်ရှိပါတယ်။ စာချုပ်သက်တမ်းကလည်း ၂၀၂၈ အထိ ကျန်ရှိနေပါသေးတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(NGB)**



## Ballon d'or ဆု ဆွတ်ခူးရန် ဒမ်ဘီလီ ရေပန်းစားလျက်ရှိ


**လန်ဒန် မေ ၁၁**

Ballon d'or ဆုအား ဆွတ်ခူးရန် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဒမ်ဘီလီက ရေပန်းစားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းကို ပြင်သစ် လီဂူးချန်ပီယံဆု ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်နှင့် ပြင်သစ်ဖလားပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲအဆင့်ထိရောက်ရှိအောင် ပံ့ပိုးထားနိုင်မှုကြောင့် Ballon d'or ဆုကို ဆွတ်ခူးရန် ရေပန်းစားလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘီလီသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၆ပွဲကစားပြီး ၃၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဒမ်ဘီလီအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း Ballon d'or ဆုအား ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## ဘောလုံးကလောင်ရှင်များအဖွဲ့ချုပ်က ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆာလာ ဆွတ်ခူး

**လန်ဒန် မေ ၁၁**

ဘောလုံးကလောင်ရှင်များ အဖွဲ့ချုပ်မှ ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လီဗာပူးအသင်းကို ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးရရှိအောင် အကောင်းဆုံးပံ့ပိုးကူညီပေးနိုင်မှုကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၉၈ပွဲကစားပြီး ၂၄၄ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော်အခုလို ဆုကို ဆွတ်ခူးရရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းအောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## အန်ဇိုဖာနန်ဒက်ဇ်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၂၀၀အဖြစ် ချဲလ်ဆီးအသင်း သတ်မှတ်

**လန်ဒန် မေ ၁၁**

ချဲလ်ဆီးအသင်းသည် အသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၂၀၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ပွဲကစားပြီး ၁၄ဂိုးအထိ သွင်းယူထားသည်။

ချဲလ်ဆီးအသင်းကလည်း အန်ဇိုဖာနန်ဒက်ဇ်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆိုရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အန်ဇိုဖာနန်ဒက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**



## လီကန်အင်အား ခေါ်ယူရန် အာဆင်နယ်အသင်း ဆွေးနွေး

**လန်ဒန် မေ ၁၁**

အာဆင်နယ်အသင်းသည် ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင်ကိုယ်တိုင်ကလည်း လက်ရှိအချိန် ပီအက်စ်ဂျီအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် နွေရာသီဈေးကွက်အတွင်း ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ဝဲပုံ)**

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းထံမှ လီကန်အင်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဘောလုံးသတင်း အတိုအထွာများ

* ဘိုင်ယန်မြူးနစ်အသင်းသည် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလျံအား စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အာဆင်နယ်အသင်းသည် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

### အင်္ဂလိပ် ချန်ပီယံရှစ် ပရီးမီးယားလိဂ်တန်းတက်(Play-Offs) ဘောလုံးပြိုင်ပွဲ(ဒုတိယအကျော့) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | ပထမအကျော့ ရလဒ် | အမှတ်ပေးပွဲ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၃-၅-၂၀၂၅ နံနက်ဝ၁း၃၀နာရီ | ရှက်ဖီးလ်Utd - ဘရစ္စတိုးစီးတီး (ချန်ပီယံရှစ်-၃) (ချန်ပီယံရှစ်-၆) | ဘရစ္စတိုးစီးတီး ၀-၃ ရှက်ဖီးလ်Utd | ရှက်ဖီးလ်Utd(အိမ်) | ၂၃ | ၁၅ | ၄ | ၄ | ၃၃ | ၁၇ |
| | | | ဘရစ္စတိုးစီးတီး(ဧည့်) | ၂၃ | ၄ | ၁၀ | ၉ | ၂၃ | ၃၅ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၂-၅-၂၀၂၅ ညဥ့်၁၁း၀၀နာရီ | (၁၀)ဝင်းနစ်ဇီးယား - ဖီအိုရင်တီးနား (၈) (ဖီအိုရင်တီးနား ၀-၀ ဝင်းနစ်ဇီးယား) | ဝင်းနစ်ဇီးယား ၁-၀ ဖီအိုရင်တီးနား | ဝင်းနစ်ဇီးယား(အိမ်) | ၁၇ | ၄ | ၅ | ၈ | ၁၃ | ၁၈ |
| | | ဖီအိုရင်တီးနား ၁-၀ ဝင်းနစ်ဇီးယား | ဖီအိုရင်တီးနား(ဧည့်) | ၁၇ | ၆ | ၄ | ၇ | ၂၅ | ၁၉ |
| ၁၃-၅-၂၀၂၅ နံနက်ဝ၁း၄၅နာရီ | (၃)အတ္တလန်တာ - ရိုးမား (၅) (ရိုးမား ၀-၂ အတ္တလန်တာ) | အတ္တလန်တာ ၁-၀ ရိုးမား | အတ္တလန်တာ(အိမ်) | ၁၇ | ၈ | ၅ | ၄ | ၃၂ | ၂၀ |
| | | ရိုးမား ၁-၀ အတ္တလန်တာ | ရိုးမား(ဧည့်) | ၁၇ | ၆ | ၇ | ၄ | ၁၆ | ၁၈ |

# အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၌ ရဲတပ်ဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်

**တန့်ယန်း မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် အကြိမ် (၄၀)မြောက် မြို့နယ်လုံးကျွတ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၌ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်ခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မဟာမြတ်မုနိဘုရား ကြီး၌ ကျင်းပခဲ့သည်။ **(ဓာတ်ပုံ)**



အဆိုပါ ရဲတပ်ဖွဲ့ဝင်များက စုပေါင်း၍ နေ့ဆွမ်းဆက်ကပ်ခြင်း ကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောလိယနှင့် ဆရာတော်၊သံဃာတော်များအား ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန် ရှိသူများက စေတနာရှင်၊ အလှူရှင် များနှင့် ပူးပေါင်းကာ ဆက်ကပ်ခဲ့ ကြောင်းနှင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအား မေ ၁၁ ရက် ကဆုန်လပြည့်နေ့အထိ ရွတ်ဖတ် ပူဇော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၊ ပြတိုက်၊ စောင်းတန်း မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန်ငွေများ လာရောက်လှူဒါန်း

**မန္တလေး မေ ၁၁**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည် ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည် ဖြစ်သည်။

မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ မေ ၉ ရက် နံနက်ပိုင်းက အမေရိကန်ပြည်ထောင်စု၊ လပ်(စ်) ဗီးဂတ်မြို့၊ ဇေယျမဂ္ဂရိပ်သာ ကျောင်း ဆရာတော် ဘဒ္ဒန္တ ဇေယျာသုတနှင့် သံဃာတော်များ၊ လူမျိုးစုံ တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ် ၁၂၆ သိန်း လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များ ပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန် နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆ ၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ် ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀ ၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်း အမှတ် ၀၁၇၀၁၂၀၀၀၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**





# ငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရသော စစ်ကိုင်းမြို့ရှိ ဘုရားစေတီ ၁၀ ဆူ ပြုပြင်မွမ်းမံ

**စစ်ကိုင်း မေ ၁၁**

သက်တော်(၈၉)နှစ်ရှိပြီဖြစ်သော သီတဂူဆရာတော်ကြီး ဦးစီး၍ ငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရသော စစ်ကိုင်းမြို့ရှိ ဘုရားစေတီ ၁၀ ဆူကို ပြုပြင်မွမ်းမံလျက် ရှိသည်။

ဆရာတော်ကြီး ဦးစီး၍ ဆွမ်းဦးပုညရှင်စေတီ၊ ကောင်းမှုတော်စေတီ၊ ရတနာထွဋ်ခေါင်စေတီ၊ ဆင်များရှင်စေတီ၊ ထူပါရုံစေတီ၊ စေတီလှစေတီ၊ မရှိခဏ (ခ)မဟိယင်္ကနစေတီ၊ မဟာစေတီ၊ ရှင်ပင်နံ့ကိုင်းစေတီနှင့် သစ္စာစေတီတို့ကို ပြုပြင်မွမ်းမံနေခြင်း ဖြစ်သည်။

ဆရာတော်ကြီးသည် မေ ၈ ရက် နံနက်အရုဏ်ဆွမ်းဘုဉ်းပေးအပြီးတွင် ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စေတီရင်ပြင်တွင် အင်ဂျင်နီယာ ကိုချိုဇော်မင်း၊ ဇရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပုညရှင်ဘုရားကြီး ပြုပြင်မွမ်းမံမှုများကို တိုင်ပင်ဆွေးနွေးခဲ့သည်။

ဆရာတော်ကြီးက ညနေပိုင်းတွင် စစ်ကိုင်းတံတားသစ်အနီးရှိ သစ္စာစေတီတော်ကြီးပျက်စီးမှုအပိုင်းကို သွားရောက်ကြည့်ရှုတော်မူခဲ့သည်။

ငလျင်ကြီးကြောင့် စစ်ကိုင်းမြို့ရှိ ဘုရားအတော်များများ ပျက်စီးလျက်ရှိနေသည့်အနက် သီတဂူဆရာတော်ကြီး ဦးစီး၍ ဘုရား ၁၀ ဆူ မွမ်းမံလျက်ရှိရာ အနယ်နယ်အရပ်ရပ်ရှိ ကုသိုလ်ရှင်များ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သီတဂူအဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**(အပေါ်ပုံ) (၃၉၄)**

# ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရွှေဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ ကေသဝ(ဓမ္မာစရိယ B.A) ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးသန်းမြင့်+ဒေါ်ဆန်းဆန်း(ရွှေနှင်းဆီပွဲရုံနှင့် စိန်ဆန်းဆီစက်) မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၄၀ ၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၄၅ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။ **(အောက်ဓာတ်ပုံ)**



ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(PNT)**

*****

# ဆေးပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး မေ ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ကွယ်လွန်သူ အဘိုး၊အဘွားများဖြစ်ကြသော ဦးဘိုကြီး+ဒေါ်သန်း၊ ဦးအုန်းရွှေ+ဒေါ်ကြည်တို့အား ရည်စူး၍ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားနေ ဒေါ်မြင့်မြင့် မိသားစုတို့က ဆေးပဒေသာပင် စိုက်ထူလှူဒါန်းငွေကျပ် ငါးသိန်းကို ယမန်နေ့က ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးရုံး ရုံးအုပ် ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး မေ ၁၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နေပြည်သူများနှင့် မဟာမြိုင်(၁) ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၂၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ကဆုန်လပြည့်နေ့ နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့်၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်လာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးခြောက်ကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုတ်နှင့် သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းပန်းခြင်း နှစ်ခြင်း၊ သင်္ကန်းဒွိစုံ ငါးစုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၈၀၀၀၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဦးခင်မောင်ထွေး(နေပြည်တော်မိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်မိသားစု)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းမီမီဝင်းမိသားစု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ (ဦးစံသာ)+(ဒေါ်အုန်းစိန်)တို့အား ရည်စူး၍ သားသမီးမြေးတစ်စု၊ Golden Key Cafe မိသားစု၊ ရပ်ကွက်နေ ပြည်သူများ၊ ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက ဘုံဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(၀၄၀)**



## ရက်(၁၀၀)ပြည့် မွေးနေ့အလှူပွဲ ကျင်းပ

**မန္တလေး မေ ၁၁**

မန္တလေး၊ ၃၆လမ်းနှင့် ၃၇ လမ်းကြား၊ အရှေ့မြို့ပတ်လမ်းနေ ဦးမျိုးသန့်+ဒေါ်အိအိမွန်(မျိုးမြန်မာ မျိုးစပါးဖြန့်ချိရေး)တို့၏ အမြွာသမီးဦးရတနာများဖြစ်သော မမျိုးပိုပိုချစ်၊ မမျိုးပိုပိုနှစ် ရက်(၁၀၀)ပြည့်မွေးနေ့နှင့် အမည်ပေးကင်ပွန်းတပ် မင်္ဂလာအခမ်းအနားကို မေ ၁၀ရက် နံနက် ၉ နာရီက အဆိုပါနေအိမ်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ပင့်သံဃာတော် ၁၁ ပါး ကြွရောက်တော်မူကြသည်။ အစီအစဉ်အရ ဦးမျိုးသန့်+ဒေါ်အိအိမွန် မိသားစုနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော်ထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး နဝကမ္မအလှူတော်ငွေကျပ် သိန်းငါးရာ လှူဒါန်းကြသည်။



ဆက်လက်၍ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်တော်မူကြသည်။ ထို့နောက် ဦးမျိုးသန့်+ဒေါ်အိအိမွန် မိသားစုတို့က ငလျင်ဒဏ်သင့်ဆွေမျိုးများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ တရားနာယူကြည်ညိုကြပြီး ရေစက်ချအမျှဝေကြသည်။ မွေးနေ့အထိမ်းအမှတ် စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် သိန်းရှစ်ထောင်ကျော်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၀၉၁)**



## ကျွန်းလှမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ကျွန်းလှ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် (၃၆)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကဆုန်လပြည့်နေ့ နံနက် ၈နာရီက ပျဉ်းမမြိုင်ရပ်ကွက်၊ မြို့ဦးရွှေကျင်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပင့်သံဃာအပါး ၁၀၀ ကျော်အား ဌာနဆိုင်ရာ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ဝေးရပ်နီးပြည်သူများက ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဩကာသကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး အနုမောဒနာ တရားနာကြား၍ ကန့်ဘလူမြို့၊ ကန်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘနထံမှ ငါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၀)**

## သာစည်မြို့နယ်တွင် အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

**သာစည် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မဟာဓာတ်အားလိုင်းမှူးရုံးမှ အာမခံအလုပ်သမား အလုပ်ခွင်ထိခိုက်သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို မေ ၉ ရက်က မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာမကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှု၊ မီးဖွားမှုအတွက် ဆေးကုသမှုငွေကြေး အကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊ အာမခံအလုပ်သမားသေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့်စသည့် အာမခံအလုပ်သမားများ ခံစားရမည့် အကျိုးခံစားခွင့်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး တာဝန်ခံအရာရှိနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်တို့က မဟာဓာတ်အားလိုင်းမှူးရုံးမှ အာမခံအလုပ်သမား ဦးပြည့်ဖြိုးအောင်၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၄၄၅၅၀၀၀ ကို စက်ရုံတာဝန်ရှိသူများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး ဝန်ထမ်းများရှေ့တွင် သေဆုံးသူ၏ဇနီး ဒေါ်နွဲ့နွဲ့ဝင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၇)**




## 11/1.4 KV ထရန်စဖော်မာများ အန္တရာယ်ကင်းရှင်းရေး 400 V Bushing Cap များ တပ်ခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော ဌာနပိုင် 11/1.4 KV ထရန်စဖော်မာများ အန္တရာယ်ကင်းရှင်းရေး 400 V Bushing Cap များတပ်ခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော အဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော ဌာနပိုင်11/1.4 KV ထရန်စဖော်မာများ အန္တရာယ်ကင်းရှင်းရေးနှင့် တိရစ္ဆာန်များ ထရန်စဖော်မာပေါ်တက်ရောက်ခြင်းမှ မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် 400 V Bus-ing Cap များ တပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံး မန်နေဂျာ ဦးမင်းကိုထံမှ သိရသည်။

**(အပေါ်ပုံ)**
**(၄၆၉)**

## စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အောင်လံ မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ကျောင်းဖွင့်ရာသီတွင်ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများမှ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို မေ ၁၀ရက် နံနက် ၇ နာရီက အောင်လံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိသည်။

**(ယာပုံ)**



ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများက ကျောင်းဝင်းအတွင်းရှိ ပေါင်းမြက်၊ ချုံနွယ်များ၊ သစ်ရွက်ခြောက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

---

**သစ်တော**
**သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁၁

၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက

စာမျက်နှာ ၄ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယနေ့ ဖတ်စရာ အညွှန်း

ကျေးငှက်တရား (ဆောင်းပါး)

စာမျက်နှာ ၁၇



မန်ချက်စတာယူနိုက်တက် အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ဂါနာချိုပြောကြား

စာမျက်နှာ ၁၈

ဆိုဗီယက်ခေတ် ကော့စမော့ ၄၈၂ အာကာသယာဉ်အစိတ်အပိုင်း ကမ္ဘာ့လေထုထဲသို့ ပြန်လည်ဝင်ရောက်ခဲ့သည်ဟု ယူဆရ

စာမျက်နှာ ၁၉